## ကမ္ဘာ့သံလိုက်စက်ကွင်းနဲ့ smartphone ကိုအသုံးပြုတဲ့ indoor GPS system

ကမ္ဘာကြီးရဲ့သံလိုက်စက်ကွင်းနဲ့ ကိုယ့်ရဲ့ smartphone ကို အသုံးပြုထားတဲ့ indoor GPS နဲ့ mapping system ကို Finnish က သုတေသီတွေက တီထွင်ခဲ့ပါတယ်။



## Download လုပ်သူ ၃ ဘီလီယံရှိခဲ့တဲ့ BlackBerry App World

သတင်းဆိုးတွေ ထွက်ရှိပြီးခဲ့တဲ့နောက်ပိုင်း Research In Motion (RIM) က သူ့ရဲ့ app store ဖြစ်တဲ့ BlackBerry App World နဲ့ပတ်သက်ပြီး သတင်းကောင်းတချို့ကို ကြေညာခဲ့ပါတယ်။ အဲဒီအထဲမှာ လောလောဆယ် App World မှာ download လုပ်တဲ့အရေအတွက်ဟာ ၃ ဘီလီယံ ရှိသွားပြီဆိုတဲ့ သတင်းကလည်း ပါဝင်ပါတယ်။




## စောင့်ကြည့်ရမယ့် Kindle Fire မျိုးဆက်သစ်

Google ရဲ့ Nexus 7 က Amazon နဲ့ Apple တို့က ထွက်ရှိလာမယ့် ပြိုင်ဘက် tablet မျိုးဆက်သစ်လေးတွေကို ကြိုဆိုလျက်ရှိပါတယ်။ ထုတ်ပြန်ကြေညာချက်တွေအရတော့ Kindle Fire ရဲ့ နောက်ထပ်ထွက်ရှိမယ့် tablet အသစ်က ပိုပြီးတော့ပါးလာကာ ပိုကောင်းမွန်တဲ့ display တွေ ပါဝင်မယ်လို့ ဖော်ပြထားပါတယ်။




## အလိုအလျောက် အကူအညီတောင်းနိုင်တဲ့ ကားများ

၂၀၁၅ ခုနှစ်ရောက်တဲ့အခါ ကားအသစ်တွေအားလုံးမှာ eCall လို့ခေါ်တဲ့ service ကို အသုံးပြုနိုင်ဖို့ European Parliament က မျှော်လင့်ထားပါတယ်။ ယာဉ်မတော်တဆတိုက်မှုတွေဖြစ်တဲ့အခါ ဒီ service ကြောင့် ကားကအလိုအလျောက် အရေးပေါ်သတိပေးချက်တွေ ထွက်ပေါ်လာပြီး အကူအညီတောင်းခံမှာ ဖြစ်ပါတယ်။



## Online banking ကို သုံးတဲ့ cybercriminal များလာ

ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ လုပ်ငန်းကြီးတွေနဲ့ consumer bank account တွေကို ဆန်းသစ်တဲ့နောက်ဆုံးပေါ်နည်းပညာတွေသုံးပြီး အနည်းဆုံး ဒေါ်လာ ၇၅ သန်းလောက်ကို cybercriminal တွေက ခိုးယူနိုင်ခဲ့ကြပါတယ်။ McAfee နဲ့ online banking security vendor Guardian Analytics တို့ရဲ့ ထုတ်ပြန်ချက်တွေအရ ခိုးယူသူတွေဟာ account ပိုင်ရှင် စစ်မှန်ကြောင်းဆိုတာကိုပါ သက်သေပြနိုင်တယ်လို့ ဆိုပါတယ်။



## iOS app store မှာ Trojan Horse တွေ့ရှိခဲ့

Security software ကုမ္ပဏီဖြစ်တဲ့ Kaspersky က iOS app store မှာ Trojan Horse ကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒီ Trojan Horse ဟာ ကိုယ့်ရဲ့ content တွေကို သီးသန့် server တစ်ခုကို ပေးပို့ပြီး ကိုယ်နဲ့သိတဲ့သူတွေဆီကို spam တွေ ပေးပို့ပါလိမ့်မယ်။



## Nexus 7 ရဲ့အောင်မြင်မှုမှာ Google Play က အဓိကဖြစ်ပါတယ်

Nexus 7 tablet ရဲ့ အောင်မြင်ဟာ Goo-gle Play ရဲ့ လုပ်ဆောင်နိုင်စွမ်းပေါ်မှာ မူတည်နေပါတယ်။ User တွေအတွက် သီးသန့်ရွေးချယ်ထားတဲ့ app ပေါင်း ၄သိန်းအပြင် တခြား content တွေကို Google Play ကတဆင့်ရယူ နိုင်တာကြောင့် ဖြစ်ပါတယ်။



## Olympic ပွဲစဉ်များ cyberattack ပြုလုပ်ခံခဲ့ရ

Olympics ပွဲတော်ကျင်းပဖို့ ရက်သတ္တပတ်အနည်းငယ်ပဲ လိုတော့တဲ့ အချိန်က အင်္ဂလန်နိုင်ငံပြည်ထဲ ရေးဝန်ကြီးရုံးဟာ ထူးထူးဆန်းဆန်း မကြုံစဖူး cyberattack တွေဆီကသတိပေးမှုတွေကို ထပ်မံရရှိခဲ့ပြီး threat တွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။




## စိတ်ကူးထဲက အိမ်ဆောက်ဖို့

ငယ်ငယ်တုန်းက plastic အတုံးလေးတွေနဲ့ အိမ်ဆောက်တမ်းကစားဖူးကြမှာပါ။ အဲ့ဒီလို စိတ်ကူးထဲက အိမ်လေးတွေကို တကယ်အပြင်မှာဆောက်ဖို့ plastic အုတ်ခဲတွေ ဘယ်လောက်လိုအပ်မလဲဆိုတာကို Lego My House ဆိုတဲ့ calculator က တွက်ချက်ပေးပါလိမ့်မယ်။



## RIM ရဲ့ ပိုင်ရှင်က ကုမ္ပဏီဟာနောက်ဆုံး အခြေအနေမှာ မဟုတ်ကြောင်းပြောခဲ့

Thoroten Heins က ကုမ္ပဏီဟာ အခုချိန်မှာ စိန်ခေါ်မှုတွေအများကြီးကို ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့ စိုးရိမ်ရတဲ့ အခြေအနေကို ကျော်ဖြတ်နိုင်ခဲ့ပြီ ဇူလိုင်လတုန်းက ပြောခဲ့ပါတယ်။




## Facebook ရဲ့ Weddings and Celebrations လုပ်ဆောင်ချက်

Facebook ဟာ အထူးအစီအစဉ်တွေဖြစ်တဲ့ စေ့စပ်ပွဲ၊ မင်္ဂလာပွဲကစလို့ online ပေါ်မှာလုပ်တဲ့ မွေးနေ့ပွဲတွေအထိ ပြသပေးမယ့် Weddings and Celebrations လုပ်ဆောင်ချက်သစ်ကို ပြုလုပ်ခဲ့ပါတယ်။ ဒီလုပ်ဆောင်ချက်ရဲ့ အခြေခံကတော့ အလိုအလျောက်ပြောင်းလဲဖော်ပြပေးနေတဲ့ engage ၊ ဒါမှမဟုတ် married လို relationship status တွေ ဖြစ်ပါတယ်။ အခုလုပ်ဆောင်ချက်အသစ်ကို list နဲ့ calendar view တို့မှာ ထည့်သွင်းထားတာ မဟုတ်ဘဲ homepage ပေါ်မှာသာ ပေါင်းထည့်ထားတာ ဖြစ်ပါတယ်။




## Apple ရဲ့နောက်ထပ် ခြေလှမ်းသစ်က ultrabook တွေဖြစ်မှာကို Taiwan က စိုးရိမ်နေ

Macbook Air ကြောင့် ပြည်တွင်းထုတ် PC vendor တွေဆီက ultrabook ရောင်းချမှုတွေ ရပ်တန့်သွားနိုင်ကြောင်း ပြည်တွင်းက PC ထုတ်လုပ်ရောင်းချသူတွေကို Taiwan အစိုးရက ဇူလိုင်လထဲမှာ သတိပေးခဲ့ပါတယ်။



## iTunes ရဲ့ အခမဲ့ app တွေထဲမှာ နံပါတ် ၁ ဖြစ်လာတဲ့ Chorme

iPhone နဲ့ iPad တို့အတွက် Google Chrome ကို Apple App Store မှာ ရရှိနေပြီလို့ ကြေညာပြီးတဲ့ရက်အနည်းငယ်မှာပဲ Chrome က အခမဲ့ app တွေထဲမှာ နံပါတ် ၁ နေရာကို တဟုန်ထိုးရောက်ရှိခဲ့ပါတယ်၊ User တွေက 4.5 star အထိ rank လုပ်ပေးခဲ့ကြပေမယ့် Apple ရဲ့ Safari နဲ့ ယှဉ်ရင်တော့ browser က နည်းနည်းနှေးနေသေးတယ်လို့ ဆိုကြပါတယ်။



## Digg ကို ဝယ်လိုက်တဲ့ Betaworks

Chardbeat ၊ bit.ly ၊ news.me နဲ့ တခြားအောင်မြင်မှုရရှိနေတဲ့ product အများအပြားကို ပိုင်ဆိုင်ထားတဲ့ Betaworks ဟာ social network site တစ်ခုဖြစ်တဲ့ Digg.com ကို ဝယ်လိုက်ပြီဖြစ်ပါတယ်။ ဘယ်လောက်ဈေးနှုန်းနဲ့ ဝယ်ယူခဲ့တာလဲဆိုတာကိုတော့ အတိအလင်းမဖော်ပြထားပါဘူး။ Betaworks တည်ထောင်သူ John Borthwick ဟာ Digg ရဲ့ CEO အသစ်ဖြစ်လာခဲ့ပါတယ်။

## Apple app store ရဲ့ အားနည်းချက်ကြောင့် iOS app တချို့ သုံးမရဖြစ်ခဲ့

Update လုပ်ထားတဲ့ Apple ဟာ သူ့ရဲ့ user တွေကို အနှောင့်အယှက်တွေ ပေးခဲ့တယ်လို့ Instapaper ရဲ့ developer က ဆိုပါတယ်။ နောက်ထပ် app တီထွင်သူတစ်ဦးကလည်း binary တွေကို ဖျက်ဆီးပစ်ခဲ့တာကလည်း ပြဿနာတစ်ရပ်ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

## Timbuk2 ရဲ့ Power bag များ

Timbuk2 ကနေ ထုတ်လုပ်လိုက်တဲ့ ပစ္စည်းသစ်ဖြစ်တဲ့ power bag ၂ လုံးဟာ ကိုယ့်ရဲ့ ဘယ် USB device မျိုးကိုမဆို အိတ်ထဲကနေထုတ်စရာမလိုပဲ လမ်းသွားရင်းနဲ့လည်း အားသွင်းပေးနိုင်ပါတယ်။



## Android 4.1 အတွက် Adobe Flash Player မရှိတော့

Android 4.1 အတွက် Adobe Flash Plyer ရှိတော့မှာမဟုတ်တဲ့အပြင် ဩဂုတ်လ ၁၅ ရက်နေ့ကနေစပြီး Google app store မှာ download လုပ်ခွင့်ရှိမှာမဟုတ်တော့ဘူးလို့ Adobe က ပြောကြားခဲ့ပါတယ်။ ကုမ္ပဏီက ဒီ app ကို ဆက်ပြီး develop လုပ်မှာမဟုတ်တော့မှာကြောင့် ဒီ player ကို install လုပ်ထားပြီးသားဆိုရင်လည်း ပြန်ပြီး ဖယ်ရှားပေးဖို့လိုတယ်လို့လည်း သိရပါတယ်။



ADOBE® FLASH

## Aerospace industry ကို attack လုပ်ခဲ့တဲ့ Sykipot malware

AlienVault security firm က သုတေသနပညာရှင်တွေရဲ့ ပြောဆိုချက်အရ email အခြေပြုတိုက်ခိုက်အသစ်တွေထဲက တစ်မျိုးဟာ Sykipot လို့ခေါ်တဲ့ သတင်းအချက်အလက်တွေကို ခိုးယူနိုင်တဲ့ malware တွေကိုသုံးပြီးတော့ Aerospace Industry ကို အဓိက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပါတယ်။



## DocuSign ရဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်

Securities and Exchange Commission ရဲ့အဆိုအရ electomic signature ကိုထောက်ပံ့ပေးမယ့် platform တွေကို offer လုပ်တဲ့ DocuSign ဟာ ဒေါ်လာ ၄၇.၅ သန်းကို ထပ်မံရင်းနှီးငွေဖြည့်တင်းခဲ့ပြီး Morgan Stanley ရဲ့ analyst တစ်ယောက်ဖြစ်ခဲ့ဖူးတဲ့ Mary Meeker ကလည်း board အဖွဲ့ထဲမှာ ပါဝင်လာပြီလို့ သိရပါတယ်။

The Global Standard for eSignature®

## Twitter ရဲ့ Age Screening

Twitter ရဲ့ Buddy Media နဲ့ ပူးပေါင်းလုပ်ဆောင်ထားတဲ့ Age Screening system ဟာ အသက်မပြည့်သေးသူတွေက လူကြီးတွေအတွက် (အသက်ပြည့်ပြီး သူတွေအတွက်) ရည်ရွယ်ထုတ်လုပ်ထားတဲ့ brand တွေကို follow လုပ်ခြင်းကနေ ကာကွယ်ဖို့ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် နောက်တစ်ကြိမ် ကိုယ်က twitter ပေါ်မှာ age-restricted product တစ်ခုခုကို follow လုပ်ဖို့ကြိုးစားတဲ့အခါမှာ အဲဒီ brand က Age Screening system ကိုသာ သုံးထားခဲ့ရင် မိမိရဲ့အသက်ကို ဖြည့်ပြီးမှ follow လုပ်နိုင်မှာဖြစ်ပါတယ်။




## Video chat service အသစ် : Airtime

Browser-based video chat service အသစ်ဖြစ်တဲ့ Airtime ကို Sean Parker နဲ့ Shawn Fanning တို့က ဇွန်လတုန်းက launch လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့စိတ်ကူးကတော့ စိတ်ဝင်စားမှုချင်းတူညီတဲ့ အသုံးပြုသူအချင်းချင်း sharing လုပ်လို့ရအောင်ဖို့ပဲဖြစ်ပါတယ်။

## Cardinal Scholars ကို ရောင်းလိုက်တဲ့ InstaEDU

InstaEDU က ဈေးကွက် demand တက်လာတဲ့ video tutoring platform မှာ တကယ်ကိုနာမည်ရချင်တာဖြစ်ပြီး Course Hero ကတော့ online education tool တွေကို ဘယ်လိုသုံးချရမလဲဆိုတာ သိချင်နေသူဖြစ်ပါတယ်။ ဒါကြောင့် InstaEDU ဟာ သူ့ကိုယ်ပိုင်လုပ်ငန်းဖြစ်တဲ့ Cardinal Scholars ကို Course Hero ကို ရောင်းချလိုက်ပါတယ်။ ဈေးနှုန်းကိုတော့ အသိမပေးခဲ့ပါဘူး။ သူတို့ဟာ live video တွေကိုအသုံးပြုပြီး Tutor.com လိုမျိုး education site မျိုးလုပ်မှာဖြစ်ပါတယ်။




## MMTG Labs ကို ဝယ်လိုက်တဲ့ InMobi

Mobile ad network တစ်ခုဖြစ်တဲ့ InMobi ဟာ AppBistro နဲ့ AppGalleries တို့ကို run နေတဲ့ ဆန်ဖရန်စ္စကိုအခြေစိုက် MMTG Labs ကို ဝယ်လိုက်ပါတယ်။ AppBistro က facebook page တွေအတွက် app marketplace ဖြစ်ပြီး AppGalleries ကတော့ white-label app store platform တစ်ခုဖြစ်ပါတယ်။

## Nanotech နည်းပညာသုံးပြီး cancer ရောဂါများ စမ်းသပ်

Princeton University က သိပ္ပံပညာရှင်တွေဟာ nanotech နည်းပညာကို အသုံးပြုပြီး ရောဂါ ရှာဖွေစမ်းသပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ Cancer နဲ့ alzheimer ရောဂါတွေကို စမ်းသပ်ခဲ့ကြည့်ရာ တခြားနည်းပညာတွေထက် အဆပေါင်း ၃ သန်းလောက် ပိုပြီးတိကျမှုရှိတယ်လို့ ဆိုပါတယ်။



## ဩဂုတ်လထဲမှာ ထွက်ရှိလာမယ့် Windows Server 2012

Microsoft က သူ့ရဲ့ Windows 8 operating system ကို ကြေညာပြီး သိပ်မကြာခင်မှာပဲ အလားတူ ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့ပါတယ်။ Server အတွက် နောက်ထပ်မျိုးဆက်သစ်ဖြစ်တဲ့ Windows Server operating system 2012 ကို ယခု ဩဂုတ်လထဲမှာ ထုတ်လုပ်သူတွေဆီကို ဖြန့်ချိမယ်လို့ Microsoft က ပြောကြားခဲ့ပါတယ်။




## Olympic အချိန် မြေအောက်ဘူတာရုံများမှာ အခမဲ့ Wi-Fi အသုံးပြုခွင့်

Olympic ကစားပွဲကိုကြည့်ရှုအားပေးတဲ့ သူတွေအတွက် အဆင်ပြေနိုင်အောင် မြေအောက်ဘူတာရုံများမှာ internet access ရအောင်လုပ်ပေးခဲ့တယ်လို့ သိရပါတယ်။ Virgin Media က Olympic ပွဲတော်ကိုကြိုဆိုတဲ့အနေနဲ့ London က မြေ အောက်ရထားဘူတာရုံအတော်များများမှာ Wi-Fi internet access ရအောင် Olympic ပြိုင်ပွဲကြီးမစတင်ခင် အချိန်ကတည်းက ပြုလုပ်ပေးခဲ့တာဖြစ်ပါတယ်။




## Windows 8 ပြီးတော့ Mountain Lion

Windows 8 ထွက်ရှိပြီးတဲ့နောက်မှာ ထွက်ရှိလာမယ့် OS က OS X Mountain Lion ဖြစ်ပါတယ်။ Gold Master က OS ရဲ့ release ကို developer တွေဆီကို ပေးအပ်ထားပြီးဖြစ်တဲ့အတွက် သိပ်မကြာခင်မှာ အသုံးပြုသူတွေဆီကို ရောက်ရှိလာတော့မယ်လို့ ခန့်မှန်းရပါတယ်။

